# 3SquaresVT အား မည်ကဲ့သို့လျှောက်ထားရမည်နည်း။

## ဗားမောက် အာဟာရကူညီထောက်ပံ့ဖြည့်ဆီးပေးရေး အစီအစဉ်

(ယခင်က အစားအစာ တံဆိပ်ခေါင်းများ)

## သင့်လျှောက်လွှာအားဖြည့်စွက်၍ ဒေသဆိုင်ရာ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှု ဌာနခွဲများရုံးများသို့ ပေးပို့ပါ။

လျှောက်လွှာရရှိရန်အတွက် **www.vermontfoodhelp.com** သိုမဟုတ် **၁-၈၀၀-၄၇၉-၆၁၅၁** သို့ဆက်သွယ်စုံစမ်းနိုင်ပါ သည်။ ထိုသို့ဖြည့်စွက်ရန်အတွက် ဒေသဆိုင်ရာ **လူမှုရေးနှင့်ဆိုင်သည့်လုပ်ဆောင်ရေး အောဂျင်စီများ** သို့ ခေါ်ဆိုပါ ( အကယ်၍ နံပါတ် ၂-၁-၁ အားသင်မသိခဲ့လျှင်) ။ သက်ကြီးရွယ်အိုများသည် သက်ကြီးရွယ်အို ကူညီရေးလိုင်း နံပါတ် **၁-၈၀၀-၆၄၂-၅၁၁၉** သို့ဖုန်းခေါ်နိုင်ပါသည်။

## ၂။ သင့် 3SquaresVT ၏သက်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်သူနှင့် လူတွေ့မေးမြန်းခြင်းလုပ်ပါ၊

သင့်လျှောက်လွှာအား လက်ခံရှိပြီးသည့်နောက် စီးပွားရေးဆိုင်ရာဝန်ဆောင်မှု လုပ်ငန်းများမှ သင့်အား လူတွေ့မေးမြန်းသည့်နေ့ရက်နှင့်အချိန်ပါသည့် စာတစောင်အား သင့်ထံသို့ပေးပို့လိမ့်မည်ဖြစ်ပါသည်။ လူအများစုသည် လူတွေ့စစ်မေးမှုများအား ဖုန်းများမှတဆင့် လုပ်ဆောင်နိုင်ပါလိမ့်မည်။ သင့် 3SquaresVT လုပ်သားအားမေးမြန်းရုံနှင့်သိနိုင်ပါလိမ့်မည်။

## ၃။ 3SquaresVT လူတွေ့မေးမြန်းခြင်းအတွက် မည်သည့်အရာများကို သင်ပြင်ဆင်ထားသင့်ပါသနည်း။

### လိုအပ်သည်များမှာ

- သက်သေခံနိုင်သည့်အထောက်အထား (လူမှုလုံခြုံရေးနံပါတ်နှင့် ပုဂ္ဂလိက မှတ်ပုံတင်သက်သေပြနိုင်ချက်)
- ဝင်ငွေအားလုံးအား သက်သေပြနိုင်ချက် (ဥပမာ။ ငွေပေးဆောင်မှုလက်မှတ်အပိုင်းအစ၊ ဘဏ်ထုတ်ပြန်မှုများ စသည်ဖြင့်)

### ပိုမိုဆောင်ရွက်ပေးနိုင်မှုများ ။ အမြင့်ဆုံးအကျိုးခံစားခွင့်ရရှိနိုင်စေရန်

- အိမ်စာရိတ်များနှင့် အထွေထွေအသုံးစာရိတ်များ (ဥပမာ။ အငှားလက်ခံဖြတ်ပိုင်းများ၊ အိမ်ဝယ်စာချုပ်၊ ဖုန်းအသုံးပြုခငွေတောင်းခံလွှာ စသည်ဖြင့်)
- ကျန်းမာရေးကုန်ကျစာရိတ်များ အကယ်၍ သင် အသက် ၆၀ ကျော်လာလျှင် သို့မဟုတ် မသန်မစွမ်းဖြစ်လာလျှင် (ဥပမာ။ ငွေတောင်းခံလွှာများ၊ ပေးသွင်းရမည်များ၊ ကြိုတင်ပေးသွင်းငွေများ စသည်ဖြင့်)
- ကလေး သို့မဟုတ် အရွယ်ရောက်သူများအတွက် မှီခိုစာရိတ် (ဥပမာ။ ချက်လက်မှတ်ဖြင့်ပေးခြင်း သို့ ထောက်ပံ့သူမှထုတ်ပေးသည့် ထုတ်ပြန်ချက်)
- တရားရုံးမှထုတ်ပြန်သည့် ကလေးထောက်ပံ့စာရိတ် (ပေးရမည့် သက်သေအထောက်အထား)

Vermont Campaign to End Childhood Hunger

ဤသတင်းလွှာအား အခွင့်အရေးညီတူညီမျှရရှိရန်
ထောက်ပံ့ကူညီသည့် USDA မှ ရန်ပုံငွေတချို့ ထည့်ဝင်ပါသည်။
4/10/09

VERMONT
DEPARTMENT FOR CHILDREN AND FAMILIES
ECONOMIC SERVICES DIVISION

# လျှောက်ထားပြီးနောက် မည်ကဲ့သို့ ဖြစ်မည်နည်း။

စီးပွါးရေးဝန်ဆောင်မှုဌါနစိတ် (ESD) ၏ လုပ်ကိုင်ဆောင်ရွက်မှုပေါ်မူတည်၍ သင့်လျှောက်လွှာသည် ရက်ပေါင်း ၃၀ ခန့် ကြာညောင်းနိုင်ပါ သည်။ အကယ်၍ သင့်လျှောက်လွှာနှင့်ပတ်သက်၍ ESD မှ ရက်ပေါင်း ၂၀ အတွင်း မကြားရပါက သင့်မြို့နယ်ရုံးသို့ သင့်လျှောက်လွှာအခြေအနေအား မေးမြန်းပါ။

အကယ်၍ သင်သည် 3SquaresVT အကျိုးခံစားခွင့်ရရှိပါက အကျိုးခံစားခွင့် ပမာဏမည်မျှရရှိကြောင်း အကြောင်းပြန်ကြားလွှာ သင်ရရှိလိမ့် မည်ဖြစ်သည်။

အသက် ၆၅ နှစ်ရှိသူများဖြင့်အတိပြီးသော အိမ်ထောင်များအားလုံး သို့မဟုတ် အက်(စ်)အက်(စ်)အိုင် (Supplemental Security Income) ရရှိသူများအားလုံး သည် အကျိုးအမြတ်များကို သက်ဆိုင်ရာ ဘဏ်စာရင်းများသို့ လစဉ် တိုက်ရိုက်ပေးပို့မည်ဖြစ်ပါသည်။

အခြားသောအိမ်ထောင်များမှာ အီးဘီတီ( အီလက်ထရောနစ်နည်းစနစ်ဖြင့် အကျိုးအမြတ်လွှဲပြောင်းပေးသည့်) ကဒ်အား စာပို့စနစ်ဖြင့် ရရှိမည်ဖြစ်ပါသည်။

- သင့် (pin) နံပါတ်ကိုချပြီးသည်တပြိုင်နက် သင့်ကဒ်ကိုအသုံးပြုနိုင်ရန်အဆင်သင့်ဖြစ်ပြီး။ ဗားမောက်ရှိကုန်စုံဆိုင်နှင့်လယ်သမားများ၏ ဈေးများတွင်ထိုကဒ်ပြားများကို များသောအားဖြင့်လက်ခံကြပြီး လက်ငင်းနှင့်အကြွေးဝယ်ကတ်များကဲ့သို့ အသုံးပြုနိုင်သည်၊

- အကျိုးအမြတ်များသည် သင့်ဘဏ်စာရင်းအတွင်းသို့လစဉ် လအစပိုင်းတွင်ထည့်သွင်းထားပေးမည်ဖြစ်ပါသည်။

အိမ်ထောင်စုအများစုအတွက် စီးပွားရေးဝန်ဆောင်ပေးမှုဌာန အနေဖြင့် ၁၂ လ သို့ ၂၄ လအတွင်း ပြန်လည်ဆန်းစစ်ရန် ဆက်သွယ်လာပါလိမ့်မည်။

အကယ်၍ သင့်၏အကျိုးခံစားခွင့် ငြင်းပယ်ခံရပါက သင်အနေဖြင့် တောင်းဆိုပိုင်ခွင့်ရှိပါသည်။ အကူအညီလိုအပ်လျှင် ဥပဒေရေးရာ အကူ အညီ သို့ ၁-၈၀၀-၇၆၉-၇၄၅၉ သို့ခေါ်ဆိုနိုင်ပါသည်။

Vermont Campaign to End Childhood Hunger

ဤသတင်းလွှာအား အခွင့်အရေးညီတူညီမျှရရှိရန် ထောက်ပံ့ကူညီသည့် USDA မှ ရန်ပုံငွေတချို့ ထည့်ဝင်ပါသည်။
4/10/09

VERMONT
DEPARTMENT FOR CHILDREN AND FAMILIES
ECONOMIC SERVICES DIVISION